စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန

## တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများ E-Commerce ဖွင့်လှစ်ထားသော MPU Debit Card ကို အသုံးပြု၍ Online မှ အခွန်ပေးဆောင်နိုင်ရန် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (၇၅) ရုံးအား ထပ်မံတိုးချဲ့ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်မှုအဆင့်များတွင် လွယ်ကူမြန်ဆန်စေရန်ရည်ရွယ်၍ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများမှ ကုမ္ပဏီအခွန်ထမ်းများ၏ အခွန်ပေးဆောင်ခြင်းကို အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကွန်ယက်စနစ် CBM-NET မှတစ်ဆင့်လည်းကောင်း၊ MPU E-Commerce ကိုအသုံးပြု၍ Online မှလည်းကောင်း ပေးဆောင်နိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၂။ ထို့ပြင် တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများအနေဖြင့် မိုဘိုင်းငွေပေးချေမှုနည်းလမ်း ၊ MPU E-Commerce ကိုအသုံးပြု၍ ငွေပေးချေမှုနည်းလမ်းစသည့် အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများဖြင့် အခွန်ပေးဆောင်နိုင်ရန် အဆင့်လိုက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှ စတင်၍ ယခင်ဆောင်ရွက်ပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (၃၆) ရုံးတို့အပြင် ယခုထပ်မံတိုးချဲ့သည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (၇၅) ရုံး၊ စုစုပေါင်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (၁၁၁) ရုံးတို့တွင် အခွန်ထမ်းဆောင်လျက်ရှိသော တစ်ဦးချင်းပုဂ္ဂိုလ် အခွန်ထမ်းများအနေဖြင့် E-Commerce ဖွင့်လှစ်ထားသော MPU Debit Card ကိုအသုံးပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm ၏ Start Your Tax Online Payment မှတစ်ဆင့် အခွန်ပေးဆောင်ခြင်းဆောင်ရွက်နိုင်ရန် ထပ်မံတိုးချဲ့ဆောင်ရွက်ထားရှိပါသည်။ **(အခွန်ပေးဆောင်နိုင်သည့် မြို့နယ်စာရင်းကို သီးခြားဖော်ပြထားရှိပါသည်)**

၄။ MPU Debit Card ကိုအသုံးပြု၍ အခွန်ပေးသွင်းပြီးပါက စနစ်မှ အခွန်ပေးသွင်းသူထံသို့ Transaction Successful ဖြစ်ကြောင်း E-mail ကနဦးပေးပို့မည်ဖြစ်ပြီး သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများတွင် အခွန်ငွေလက်ခံရရှိပြီးပါက ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေပေးသွင်းပြီးကြောင်းအထောက်အထား [ပတခ(e-payment)] ကို အခွန်ထမ်းထံသို့ အီလက်ထရောနစ်နည်းဖြင့် ပေးပို့အကြောင်းကြားမည် ဖြစ်ပါသည်။

၅။ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန်ပေးသွင်းခြင်းလုပ်ငန်းစဉ်များ နှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှု ဗဟိုအဖွဲ့ရုံး၊ ဖုန်းနံပါတ် ၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂၊ ၀၁-၈၃၇၈၃၇၀၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)၊ ဖုန်းနံပါတ် ၀၂-၄၀၃၀၁၉၂၊ အီလက်ထရောနစ်ဝန်ဆောင်မှု နည်းပညာပိုင်းဆိုင်ရာအကူအညီပေးရေး စင်တာ (e-Services Help Desk Center) ဖုန်းနံပါတ် ၀၁-၈၃၇၈၃၇၁၊ ၀၁-၈၃၇၀၁၉၅၊ သတင်းအချက်အလက်နည်းပညာဌာနခွဲ (e-Payment Section) ဖုန်းနံပါတ် ၀၁-၈၃၇၉၀၂၁ နှင့် သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## MPU E-commerce အသုံးပြု၍ အခွန်ပေးဆောင်နိုင်မည့် ပြည်နယ်/ တိုင်းဒေသကြီး၏ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ

| စဉ် | မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအမည် |
|---|---|
| | **ကချင်ပြည်နယ်** |
| ၁ | ဗန်းမော်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၂ | မြစ်ကြီးနားမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| | **ကယားပြည်နယ်** |
| ၃ | လွိုင်ကော်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၄ | ဖားဆောင်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၅ | မယ်စဲ့မြို့ |
| | **ကရင်ပြည်နယ်** |
| ၆ | ဘားအံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၇ | မြဝတီမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| | **ချင်းပြည်နယ်** |
| ၈ | ဟားခါးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၉ | တီးတိန်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၀ | ဖလမ်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| | **မွန်ပြည်နယ်** |
| ၁၁ | မော်လမြိုင်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၂ | သံဖြူဇရပ်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၃ | မုဒုံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၄ | ကျိုက်ထိုမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၅ | သထုံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| | **ရခိုင်ပြည်နယ်** |
| ၁၆ | စစ်တွေမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၇ | ကျောက်ဖြူမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၈ | ဘူးသီးတောင်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၉ | သံတွဲမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၂၀ | မောင်တောမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| | **ရှမ်းပြည်နယ်** |
| ၂၁ | ကျိုင်းတုံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၂၂ | တာချီလိတ်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၂၃ | တောင်ကြီးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၂၄ | လားရှိုးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |

| စဉ် | မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအမည် |
| --- | --- |
| ၂၅ | မူဆယ်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၂၆ | ညောင်ရွှေမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၂၇ | ကလောမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၂၈ | ကွမ်းလုံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| | **စစ်ကိုင်းတိုင်းဒေသကြီး** |
| ၂၉ | စစ်ကိုင်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၃၀ | မုံရွာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၃၁ | ရွှေဘိုမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၃၂ | ကလေးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၃၃ | တမူးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| | **တနင်္သာရီတိုင်းဒေသကြီး** |
| ၃၄ | ကော့သောင်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၃၅ | ထားဝယ်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၃၆ | မြိတ်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| | **ပဲခူးတိုင်းဒေသကြီး** |
| ၃၇ | ညောင်လေးပင်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၃၈ | တောင်ငူမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၃၉ | ပဲခူးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၄၀ | ပြည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၄၁ | ဒိုက်ဦးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၄၂ | ဖြူးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| | **မကွေးတိုင်းဒေသကြီး** |
| ၄၃ | ပခုက္ကူမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၄၄ | မကွေးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၄၅ | တောင်တွင်းကြီးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၄၆ | ရေနံချောင်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၄၇ | ချောက်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၄၈ | မင်းဘူးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| | **မန္တလေးတိုင်းဒေသကြီး** |
| ၄၉ | ချမ်းအေးသာစံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၅၀ | မဟာအောင်မြေမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၅၁ | ချမ်းမြသာစည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၅၂ | အောင်မြေသာစံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |

| စဉ် | မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအမည် |
|---|---|
| ၅၃ | ပြည်ကြီးတံခွန်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၅၄ | ကျောက်ဆည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၅၅ | ပုသိမ်ကြီးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၅၆ | ပျော်ဘွယ်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၅၇ | ပြင်ဦးလွင်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၅၈ | မတ္တရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၅၉ | မိတ္ထီလာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၆၀ | မြင်းခြံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၆၁ | အမရပူရမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၆၂ | ကျောက်ပန်းတောင်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၆၃ | ရမည်းသင်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| | **ဧရာဝတီတိုင်းဒေသကြီး** |
| ၆၄ | ပုသိမ်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၆၅ | ဖျာပုံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၆၆ | မအူပင်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၆၇ | ဟင်္သာတမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၆၈ | မြောင်းမြမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| | **ပြည်ထောင်စုနယ်မြေ** |
| ၆၉ | ပျဉ်းမနားမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၇၀ | သီရိ(၅)မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၇၁ | လယ်ဝေးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၇၂ | တပ်ကုန်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| | **ရန်ကုန်တိုင်းဒေသကြီး** |
| ၇၃ | အင်းစိန်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၇၄ | လမ်းမတော်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၇၅ | တောင်ဥက္ကလာပမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၇၆ | ဒဂုံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၇၇ | သာကေတမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၇၈ | လှိုင်သာယာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၇၉ | ပန်းဘဲတန်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၈၀ | တာမွေမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၈၁ | အလုံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၈၂ | စမ်းချောင်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |

| စဉ် | မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအမည် |
|---|---|
| ၈၃ | လှည်းကူးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၈၄ | ဒေါပုံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၈၅ | လသာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၈၆ | သဃ်န်းကျွန်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၈၇ | ရန်ကင်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၈၈ | မင်္ဂလာတောင်ညွန့်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၈၉ | မင်္ဂလာဒုံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၉၀ | ကမာရွတ်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၉၁ | လှိုင်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၉၂ | မရမ်းကုန်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၉၃ | ကြည့်မြင်တိုင်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၉၄ | မှော်ဘီမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၉၅ | ရွှေပြည်သာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၉၆ | ကျောက်တံတားမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၉၇ | ပုဇွန်တောင်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၉၈ | ဗိုလ်တထောင်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၉၉ | ဗဟန်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၀၀ | မြောက်ဥက္ကလာပမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၀၁ | ဒဂုံ(မြောက်)မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၀၂ | ဒဂုံ(တောင်)မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၀၃ | သန်လျင်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၀၄ | ကျောက်တန်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၀၅ | တိုက်ကြီးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၀၆ | ဒလမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၀၇ | သုံးခွမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၀၈ | ခရမ်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၀၉ | ကွမ်းခြံကုန်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၁၀ | ထန်းတပင်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |
| ၁၁၁ | တွံတေးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး |